# စည်းကမ်းချက်များ

၁။ ခရီးစဉ်အစမှအဆုံးအထိ ခရီးသည်များ ယာဉ်စီးနင်းလိုက်ပါစဉ် ယာဉ်ကြောင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သေဆုံး/ဒဏ်ရာရခြင်းအတွက် လျော်ကြေးအကျုံးဝင်သော်လည်း၊ အောက်ဖော်ပြပါ အချက်များကြောင့် သေဆုံး/ဒဏ်ရာရခြင်းများအတွက် လျော်ကြေးအကျုံးမဝင်ပါ-

(က) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း

(ခ) ရှူးသွပ်ခြင်း

(ဂ) မိမိကိုယ်မိမိသေကြောင်း ကြံစည်ခြင်း

(ဃ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း

(င) မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း

(စ) အန္တရာယ်ဖြစ်စေနိုင်သည့် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သတ်ခြင်း

(ဆ) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း

(ဇ) မူးယစ်ဆေးဝါးသုံးစွဲခြင်း

(ဈ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း နှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း

၂။ သေဆုံးပါက အကျိုးခံစားခွင့်ငွေကျပ် သိန်း ၃၀ အထိ ခံစားခွင့်ရရှိမည်ဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိပါက အချိုးကျနှုန်းထားများအတိုင်း ရရှိမည်ဖြစ်ပြီး အမြင့်ဆုံး ကျပ် ၂၄ သိန်းအထိ ရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သေဆုံးမှုဖြစ်ပွားပါက (၁) နှစ်အတွင်း လျော်ကြေးတောင်းခံရမည်ဖြစ်ပြီး၊ ထိခိုက်ဒဏ်ရာရရှိပါက (၂) နှစ်တွင်း လျော်ကြေးတောင်းခံရမည်။